# ၃၃ နေ့စဉ်အသက်ရှင်ခြင်း၏လက္ခဏာများ

ရော ၁၂း၁-၅၊ ၉-၁၈၊ ၂၁

ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သော လက္ခဏာနှင့်ပြည့်စုံသော ယဇ်ကိုသင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ ပြုအပ်သော ဝတ်ကို ပြုမည့်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း နှိုးဆော်ပေ၏။

**သင်တို့သည် လောကီ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သော အရာ၊ နှစ်သက်ဖွယ်သော အရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာ ဖြစ်သည်ကို သိနိုင်မည့် အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။**

သင်တို့သည် ကိုယ်ကို ထင်သင့်သည့်အတိုင်းထက် လွန်၍မထင်ပဲ၊ ဘုရားသခင်သည် လူအသီးသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော် မူသည်နှင့်အညီ ကိုယ်ကိုလျောက်ပတ်စွာ ထင်ရမည့်အကြောင်း၊ ငါသည် ကိုယ်ခံရသော ကျေးဇူးတော်ကို အမှီပြုလျက် သင်တို့တွင်ရှိသမျှသော သူတို့ကိုမှာထား၏။

**ဥပမာကား၊ ကိုယ်တခု၌ အင်္ဂါအများ ရှိသည်ဖြစ်၍၊ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာ အမှုတခုတည်း မရှိသကဲ့သို့-**

ထို့အတူ အများဖြစ်သော ငါတို့သည် ခရစ်တော်၌ တကိုယ်တည်းဖြစ်၍၊ အသီးအသီး အင်္ဂါချင်း ဖြစ်ကြ၏။

**မေတ္တာစိတ်သည် လျှို့ဝှက်ခြင်းနှင့် ကင်းစေလော့။ ဆိုးညစ်သော အမှုကို စက်ဆုပ်ရွံရှာ ကြလော့။ ကောင်းမွန်သော အမှု၌ မှီဝဲဆည်းကပ် ကြလော့။**

ညီအစ်ကို ချစ်ခြင်းအရာမှာ ပကတိပေါက်ဖော်ကဲ့သို့ တယောက်ကိုတယောက် စုံမက်ကြလော့။ ချီးမွမ်းခြင်းအရာမှာ သူတပါးကို ကိုယ်ထက် ချီးမြှောက်ကြလော့။

**အားထုတ်ခြင်း အရာမှာ ပျင်းရိခြင်း မရှိပဲလျက် စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။**

မျှော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခ ရောက်သောအခါ သည်းခံ ကြလော့။ ဆုတောင်း ပတ္ထနာပြုခြင်း အမှုကို အမြဲပြု ကြလော့။

**သန့်ရှင်း သူတို့သည် ဆင်းရဲသောအခါ ဝေငပေးကမ်း ကြလော့။ အာဂန္တုတို့အား ဧည့်သည်ဝတ်ကိုကြိုးစား၍  ပြုကြလော့။**

သင်တို့ကို ညှဉ်းဆဲသော သူတို့အဖို့ မေတ္တာပို့ ကြလော့။ ကျိန်ဆဲခြင်းကို မပြု၊ မေတ္တာပို့ခြင်း ကိုသာ ပြုကြလော့။

**ဝမ်းမြောက်သော သူတို့နှင့်အတူ ဝမ်းမြောက်ခြင်းကို လည်းကောင်း၊ ငိုကြွေးသော သူတို့နှင့် အတူ ငိုကြွေးခြင်းကို လည်းကောင်း ပြုကြလော့။**

အချင်းချင်း စိတ်သဘော တညီတညွတ်တည်း ရှိကြလော့၊ ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်း မရှိကြနှင့်။ နှိမ့်ချသော သူတို့ကို အပေါင်းအဖော် လုပ်ကြလော့။ ငါသည်ပညာရှိ၏ဟု ကိုယ်ကိုကိုယ် မထင်ကြနှင့်။

**အဘယ်သူကိုမျှ ရန်တုံ့မမူ ကြနှင့်။ လူအပေါင်းတို့ ရှေ့မှာ တင့်တယ်လျောက်ပတ်သော အကျင့်ကိုကြံစည် ကြလော့။**

သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့် အသင့်အတင့် နေကြလော့။

**အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။**